# Until The End

By Manie Khin



(Part -1)

၂၀၁၁ခုနှစ်၊ မတ်လ(၄)ရက်နေ့ ...

မြန်မာနိုင်ငံအလယ်ပိုင်း ... ပခုက္ကူမြို့မှ ဆယ်ရွာဆိုသော ရွာကလေး ... ပခုက္ကူ-ပေါက်လမ်းမကြီး ဘေးရှိ ထိုရွာငယ်လေးသည် နှစ်ရှည်လများ ထဲက ပေါက်ရောက်နေသော တမာပင်ကြီးများ ဝန်းရံနေပြီး အညာဆိုသော ဂုဏ်ပုဒ်ကို ကိုယ်စားပြု နေသယောင်ပင် တမာပင်တို့ ပြည့်နှက်နေသော ရွာကလေး တစ်ရွာဖြစ်သည် ။

ဆယ်ရွာကလေးတွင် သနပ်ခါးခြံများ ၊ သပြေခြံများ ၊ ငုံးခြံများ အများ အပြားရှိပြီး ငရုတ်၊ နှမ်းနှင့် ပန်းမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြသည့် ရွာငယ်လေးတစ်ရွာ ဖြစ်သည် ။

ဆယ်ရွာငယ်လေးကို ပေါက်အင်းဆိုသော ဧရာဝတီမြစ်ကမ်းဘေးမှ အင်းကြီးက ဝန်းရံထားပြီး အင်းကြီးနဲ့ ရွာကို တာရိုးတစ်ခုက ခြားထားလေသည် ။ ထိုတာရိုးပေါ်တွင် တော့ တမာပင်များက အစီအရီ ပေါက်ရောက်နေကြပြန်သည် ။

နွေဦးရာသီ ဖြစ်သောကြောင့် တာရိုးလမ်းက တမာပင်များ သည် နွေလေရူး၏ ကျီစယ်မှုကြောင့် ရွက်ဝါများ မြေပေါ် တဖြုတ်ဖြုတ် ကြွေကျနေကြသည် ။ တမာရွက်ကြွေများက တာရိုးလမ်းတစ်လျှောက် ကြွေကျနေသည် မှာ တစ်လောကလုံးကို အဝါရောင် ကောဇောတစ်ခု

ခင်းကျင်းထားသည် နှင့် ပင် တူနေလေသည်။

ထိုတာရိုးလမ်းပေါ်တွင် ... ဆယ်ရွာလေး၏ စောင့်ရှောက်ရာ ကိုးကွယ်ရာဟု သတ်မှတ်ထားသော အမေစိမ်းညို့ နတ်နန်းကလေးကိုလည်း တွေ့နိုင်လေသည်။

ထိုနတ်နန်းလေးဘေးတွင် ... စက်ဘီးလေးတစ်စင်း ရပ်ထားပြီး ... နတ်နန်းအတွင်းတွင် တော့ ... အမျိုးသမီးကြီး တစ်ဦးနှင့် အသက်(၁၇) နှစ်အရွယ် ... ကောင်လေးတစ်ဦး၊ ကောင်မလေးနှစ်ဦးတို့ ထိုင်နေကြလေသည်။

ထိုအမျိုးသမီးကြီးက သူမမျက်ဝန်းများကို မှိတ်ထားသည် ကို တွေ့ရသည်။ ထို့နောက် ဖြည်းဆေးသော လေသံဖြင့် တစ်လုံးချင်း ဆိုလာသည် က-

"မင်းတို့ ... ပေါင်းရမှာ မဟုတ်ဘူး ... "

ဟူသောစကားပင်။ ကောင်မလေးရော ... ကောင်လေးပါ တအံ့တသြ ဖြစ်သွားကြပြီးနောက် ...

"ရှင် ... "

"ဗျာ ... "

"သေ ... သေချာရဲ့ လားရှင် ... "

ထိုမိန်းမကြီးက သူ့ခေါင်းများကို တဆတ်ဆတ် ညိတ်ပြလိုက်ပြီး ...

"ငါ ... အာရုံထဲမှာ မြင်နေတယ် ... မင်းတို့ မှာ ဖူးစာပါမလာဘူး ... "

ကောင်မလေးနှင့် ကောင်လေး ... တစ်ယောက်မျက်နှာ တစ်

ယောက် ကြည့်လိုက်ကြပြီး ...

"အဲ့တာဆို ... သမီးတို့ သွားတော့မယ် ... နောက်ထပ်ဘာမှ မမေးတော့ပါဘူး ... "

ဟု ဆိုကာ ... ထိုအမျိုးသမီး နောက်မှ အမေစိမ်းညို့ ရုပ်တုအား.ကန်တော့လိုက်ကြသည် ။ ထို့နောက် ... ထိုအမျိုးသမီးရှေ့မှ ငွေဖလားထဲသို့ ... ငါးရာတန်နွမ်းလေး တစ်ရွက်ထည့်ကာ ... နတ်နန်းမှ ထွက်ခဲ့ကြလေတော့သည် ။

နတ်နန်းတွင်း၌ ကျန်နေခဲ့သော အမျိုးသမီးကြီးမှာ မှိ တ်ထားသော မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်ပြီးနောက် ထွက်ခွာသွားသော ကောင်မလေးနှင့် ကောင်လေးနောက်ကျောကို ကြည့်ကာ သက်ပြင်းရှည်တစ်ချက် ချ လိုက်လေတော့သည် ။

ထိုအမျိုးသမီးကြီး နာမည်က ဒေါ်ပြုံး ... အမေစိမ်းညို့ နတ်နန်းမှ နန်းစောင့် အမျိုးသမီးတစ်ဦး ... အကြားအမြင်ဟောသူ တစ်ဦးဖြစ်သည် ။ သူဟောသမျှ ဆယ်ခွန်းတွင် ရှစ်ခွန်းမှန်သည် ဟု နာမည်ကြီးကာ ... အနီးအနား ရွာများကပါ ... လေးစားရသူတစ်ဦး ဖြစ်လေသည် ။

ကောင်လေး ... နာမည်မှာ လင်းသစ်။ အတိအကျ ဆိုရလျှင် မဖြူမညို ... အဝါရောင်သန်းသော အသားအရေ၊ မမြင့်လွန်း မနိမ့်လွန်းသော အရပ်အမောင်း၊ ခပ်သွယ်သွယ် မျက်နှာကျ၊ ခပ်တန်းတန်း မျက်ခုံးများ ၊ နှုတ်ခမ်းလုံးလုံးလေးများ ပိုင်ဆိုင်ထားသော သူသည် အသက်၁၇နှစ်အရွယ် ... ပခုက္ကူတက္ကသိုလ်တွင် ပထမနှစ် သင်္ချာအထူးပြု ယူထားသည့် ကျောင်းသားလေး တစ်ဦးဖြစ်သည် ။

လင်းသစ်မှာ ဆယ်ရွာသားတစ်ဦး ဖြစ်ပြီး သူ့မိခင်မှာ သူနှစ်နှစ် အရွယ်မှာ ပင် ဆုံးပါးသွားခဲ့သည် ။ ဖခင်နှင့် အဘွားတို့ လက်တွင် ကြီးပြင်း

လာခဲ့ရပြီး ယုဝေ ဟု ခေါ်သော ၅နှစ်ကြီးသည့် အစ်မတစ်ယောက် ရှိသည် ။ သပြေခြံနှင့် ပန်းမျိုးစုံစိုက်သော မိသားစုမှ လင်းသစ်သည် လိမ္မာရေးခြား ရှိသော ကောင်လေးတစ်ယောက်ပင် ဖြစ်လေသည် ။

ကောင်မလေး နာမည်မှာ ယဥ်မမျိုး ... ဝင်းဝင်းဝါဝါ အသားအရေ၊ နှုတ်ခမ်းဖူးဖူးရဲရဲ မျက်နှာလုံးလုံးလေးနှင့် ကြယ်လေးများ တလက်လက် ထနေသလို ကြည်လင်သည့် မျက်ဝန်းပိုင်ရှင် ကောင်မလေး ဆယ်ရွာ၏ ကွမ်းတောင်ကိုင် အလှလေး တစ်ယောက်ပင် ဖြစ်လေသည် ။

ယဥ်မမျိုးမှာ လည်း လင်းသစ်နှင့် အတူတူ ... ပခုက္ကူတက္ကသိုလ် တက်နေပြီး သက်တူရွယ်တူ မေဂျာတူပင် ဖြစ်၏။

ယဥ်မမျိုးတို့ အိမ်သည် ငုံးမွေးမြူရေးခြံ ပိုင်ဆိုင်ပြီး ... ဆယ်ရွာထဲတွင် တော့ ... အနည်းငယ် ပိုက်ဆံရှိသည့် မိသားစုဆိုလျှင် မမှားပေ။ သူမ ဖခင်က အေးသော်လည်း သူ့မိခင် ဒေါ်အေးဆွေမှာ မရှိမယ့်ရှိမယ့် ဂုဏ်မောက်နေသူ တစ်ဦးဖြစ်လေ၏။

လင်းသစ်နှင့် ယဥ်မမျိုးမှာ ငယ်သူငယ်ချင်းများ ဖြစ်ကြပြီး ... ဆယ်တန်း အောင်သည့် အခါ ... ချစ်သူများ ဖြစ်ခဲ့ကြလေသည် ။

ယဥ်မမျိုးသည် သွက်လက်သည် ။ ဖော်ရွေသည် ။ လင်းသစ်နှင့် မတူညီသည် က လင်းသစ်က စကားနည်းသော ခပ်အေးအေးပုံစံ ဖြစ်၏။

သို့ကြောင့် ယဥ်မမျိုး အလိုကျသာ လင်းသစ်က လိုက်ရသည် ကများ လေရာ ဒီနေ့တွင် ... ယဥ်မမျိုးက အကြားအမြင် မေးချင်သည် ဟု ဆိုသဖြင့် သူမခေါ်ရာသို့ ... လင်းသစ် လိုက်ခဲ့ခြင်း ဖြစ်လေသည် ။

"လင်းသစ် ... "

"အင်း ... "

"နင် ဒေါ်ဒေါ်ပြုံး ပြောတာကို ... နင်ယုံလား ... "

"ငါမသိဘူး ... နင်ကငါ့ကို ဒီနေရာ ခေါ်လာတာလေ ... ယဉ်မျိုးရဲ့ ... အဲ့တော့ ... နင့်ဖာသာ စဉ်းစားပေါ့"

"ငါမယုံဘူး ... ငါက ... ငါ့ကိုငါနဲ့ နင့်ကိုပဲ ယုံတယ် ... နင်ငါ့ကို ချစ်တယ်မို့လား ... "

"မေးစရာ လိုသေးလို့ လား ... ယဉ်မျိုးရယ် ... ငါကနင့်ကို ဟိုးငယ်ငယ်လေးထဲက ချစ်လာတာပါ ... "

"ဟုတ်ပြီလေ ... ဒါဆို ... ငါတို့ ဒေါ်ဒေါ်ပြုံး စကားတွေက မှားတယ်ဆိုတာ သက်သေ ပြလိုက်ရအောင် ... ငါတို့ ... "

***

၂၀၁၈ခုနှစ်၊ မတ်လ (၂၈)ရက်နေ့ ...

လင်းသစ် ... ရတနာပုံတက္ကသိုလ်၏ သချာင်္ဌာနရှိ မိမိနေရာလေးတွင် ထိုင်ရင်း ပျင်းပျင်းရှိလှသည် နှင့် ဆရာတော် ဦးဇောတိက၏ "ဘာကို တန်ဖိုးထားရမလည်း "ဆိုသည့် စာအုပ်ကလေးအား ... ဖတ်နေမိသည် ။ နေ့လယ်ပိုင်းအတန်း ချိန်လည်း မရှိ၊ နေကလည်း ပူနေသည် မို့ တံခွန်တိုင်ထဲတွင် ငှားထားသော အိမ်သို့မပြန်ချင်။ ထို့ကြောင့် ညနေစောင်းထိ ဌာနထဲ၌ သာ စာဖတ်ရန် တွေးထားခြင်း ဖြစ်လေသည် ။

"ဆရာလင်းသစ် ... "

သူ့နာမည်ခေါ်သံ ကြားလိုက်သဖြင့် ... စာအုပ်နှင့် မျက်နှာခွာ၍ မော့

ကြည့်မိတော့ ... သူနှင့် ဌာနတူ ဆရာထူးတင့် ... သူ့အား လက်ထဲမှ ဖိတ်စာလေး တစ်စောင်ကို ကမ်းနေသည် ကို တွေ့ရလေ၏။

"ဆရာထူးတင့် ... ဘာလည်း ဗျ ... ဖိတ်စာလား ... အလှူရှိလို့ လား ..."

သူ့စကားကြောင့် ... ဆရာထူးတင့် မျက်နှာက ညှိုးကျသွားပြီး ... . ..

"မင်္ဂလာဆောင် ဖိတ်စာပါဗျာ ..."

လင်းသစ် ... ဆရာထူးတင့် စကားကြောင့် တွေဝေသွားပြီး ...

"ဘယ်သူဆောင်တာလည်း ဆရာထူးတင့်ရဲ့ ... ခဗျားသားလေးက အခုမှ ... ဆယ်တန်းဖြေပြီးခါစ မဟုတ်လား ... သူ့အပြင် နောက်ထပ် သားသမီး ရှိသေးလို့ လား ..."

"ဟင်း ... သူပါဘဲဗျာ ..."

"ဟင် ... "

လင်းသစ်စိတ်ထဲ ...

'ငယ်ငယ်လေးပဲ ရှိသေးတယ် ... ကလေးတို့ ရယ် ... ' ဟု တွေးမိ လိုက်လေသည် ။

"ဟုတ်တယ် ... ဆရာလင်းသစ်ရယ် ... သူပဲ ... ဆရာတွေးသလို ... ကျွန်တော်လည်း တွေးပေမယ့် ... ဘယ်တတ်နိုင်ပ့ါမလည်း ... ကလေး တွေက ခိုးပြေးကြတာ ဆိုတော့ ပေးစားဖို့ ကလွဲပြီး ... မတတ်နိုင်တော့ ဘူးလေ"

ဆရာထူးတင့် ... မချိတင်ကဲ မျက်နှာနှင့် ဌာနက ဆရာအားလုံးကို

ဖိတ်စာဝေပြီး ... အခန်းထဲမှ ထွက်သွားလေတော့သည်။

လင်းသစ် ... ဆရာထူးတင့် ပေးသော ဖိတ်စာလေးကို လက်က ကိုင်တွယ်ရင်း ...

အချစ်ကို ဘဝတစ်ခု ထင်မှတ်ကာ ပျိုရွယ်မှုနှင့် ဘဝလမ်းကြောင်းကို ဖျက်၍ တစ်အိုးတစ်အိမ် ထူထောင်တော့မည့် ကလေးနှစ်ယောက်အရေး ... မဆီမဆိုင် တွေးပူလိုက်မိလေသည်။

ထို့နောက် လင်းသစ်တစ်ယောက်

အချစ် ဆိုသည် ကို ...

ကိုးကွယ်ကြသော ... မနူးမနပ် အချိန်အခါက ...

အချစ်ကို ... ဘဝတစ်ခု မှတ်၍ ရင်နှင့် ရင်းခဲ့ရသော ...

နေ့ရက်များ ဆီသို့ ... အတိတ်၏ ကြိုးဆွဲရာသို့ ... စိတ်လွင့် သွားမိတော့သည်။

***

၂၀၁၁ခုနှစ်၊ မတ်လ (၂၈)ရက်နေ့ ...

ထိုနေ့က ... တာရိုးလမ်းမှ အပြန် ...

"လင်းသစ် ... "

"အင်း ... "

"နင် ဒေါ်ဒေါ်ပြုံး ပြောတာကို ... နင်ယုံလား ... "

"ငါမသိဘူး ... နင်ကငါ့ကို ဒီနေရာ ခေါ်လာတာလေ ... ယဉ်မျိုးရဲ့ ... အဲ့တော့ ... နင့်ဖာသာ စဉ်းစားပေါ့"

"ငါမယုံဘူး ... ငါက ... ငါ့ကိုငါနဲ့ နင့်ကိုပဲ ယုံတယ် ... နင်ငါ့ကို ချစ်တယ်မို့လား ... "

"မေးစရာ လိုသေးလို့ လား ... ယဉ်မျိုးရယ် ... ငါကနင့်ကို ဟိုးငယ်ငယ်လေးထဲက ချစ်လာတာပါ ... "

"ဟုတ်ပြီလေ ... ဒါဆို ... ငါတို့ ဒေါ်ဒေါ်ပြုံး စကားတွေက မှားတယ်ဆိုတာ သက်သေပြလိုက်ရအောင် ... ငါတို့ ... ခိုးပြေးကြရအောင် ... "

"ဟင် ... ယဉ်မျိုး ... ငါ ... ငါက ... နင့်ကို ... ကျောင်းပြီးမှ တောင်းရမ်းယူဖို့ စဉ်းစားထားတာဟ ... အဲ့ကျရင်ငါလည်း အလုပ်တစ်ခုခု ရှိနေလောက်ပြီလေ ... အခု ... အခုဟာက ... "

"ဟာ ... ငါမသိဘူး ... ငါသိတာ ... ငါနင်နဲ့ မခွဲနိုင်ဘူး ... နင်ကရော ... ငါနဲ့ ဖူးစာ မပါဘူးလို့ ပြောတာကို မှန်တယ်ဖြစ်အောင် လုပ်ချင်လို့ လား ... နင်ငါ့ကို မချစ်ဘူးလား ..."

"အဲ့လို မဟုတ်ပါဘူးဟာ ... "

"ဒါဆိုလည်း ... တစ်ယောက်ကိုတစ်ယောက် ချစ်နေဖို့ ပဲ လိုတာလေ မဟုတ်ဘူး လား ..."

"အင်း ... ဒါဆို ... ငါ ... ငါတို့ ... ခိုးပြေးကြမယ် ... "

သို့နှင့် ...

လင်းသစ်နှင့် ယဉ်မမျိုးတို့ သည် အချစ်ရှိလျှင် ပြည့်စုံသော ကမ္ဘာ

ဖြစ်သည် ဟု သော အတွေးတို့ ဖြင့် ... ရှုးရှူးမိုက်မိုက် ဆုံးဖြတ်ကာ ဆယ်ရွာနှင့် ဆန့်ကျင်ဘက် အရပ်သို့ ခြေဦးလှည့်ကာ ခိုးပြေး ခဲ့ကြလေတော့သည် ။

***

( Part-2)

၂၀၀၁ခုနှစ်၊ မတ်လ (၇)ရက်နေ့ ...

လင်းသစ်နှင့် ယဉ်မျိုးတို့ ခိုးပြေးပြီး (၃)ရက်အကြာ ...

"ကျွန်မတော့ လုံးဝ သဘောမတူ နိုင်ဘူးနော်"

"မအေးဆွေရယ် ... ကလေးတွေက ခိုးတောင် ပြေးပြီးပြီကော ... မင်းက သမီးရှင်နော် ... "

"အို ... မသိဘူး ... ကျွန်မသမီးက လင်းသစ်လိုကောင်နဲ့ မတန်ဘူး ကျွန်မဒါပဲ သိတယ် ... "

"ခက်တော့နေပြီ မအေးဆွေရယ် ... "

"မသိဘူးတော် ... မသိဘူး ... ဟီးဟီး ... ဟီး ... ကျွန်မမှာ ဒီသမီး လေးတစ်ယောက် ရှိတာတော့် ... ဟီးဟီး ... အခုတော့ ... အခုတော့ ... ဟီးဟီး"

"ဟင်း ..."

ဦးလှမျိုး ... သက်ပြင်းချလိုက်မိသည် ။ တစ်မနက်ခင်းလုံး ... သူ့မိန်းမ ဒေါ်အေးဆွေကို နားချနေရသည် မှာ အလွန်ပင်ပန်း နားပူနေပြီ ဖြစ်လေ၏။ မနက်ဖန် ညနေဆိုလျှင် ... လင်းသစ်တို့ ဘက်မှ လူကြီးစုံရာ ရပ်မိရပ်ဖတို့ နှင့် သမီးအပ် လာကြတော့မည် မဟုတ်လား။ မိန်းမဖြစ်သူ

ဒေါ်အေးဆွေက သဘောမတူဟု တဂျီဂျီ လုပ်နေသဖြင့် ... စိတ်တော်တော် ညစ်နေရပြီ ဖြစ်သည် ။ သူ့မိန်းမလိုပဲ ... သူ့သမီးကို ... တော်တော်ချစ်ပါသည် ။ သို့သော်လည်း ပြင်မရနိုင်တော့သည့် အခြေအနေမို့ မိန်းကလေးရှင်ဘက်က ခေါင်းညိတ်ရုံမှ လွဲ၍ မတတ်နိုင်ပေ။

ဒေါ်အေးဆွေက ... သူ့ရွှေလို ဥထားရသော တစ်ဦးတည်းသော သမီးချောလေးကို တစ်ရွာတည်းသား ဘာမှ မဟုတ်သည့် ကျောင်းသားလေး တစ်ဦးနှင့် ခိုးပြေးကြသည် ဖြစ်၍ ဝမ်းနည်းပက်လက် ဖြစ်နေလေသည် ။

ဒေါ်အေးဆွေမှာ ငယ်ကတည်းကပင် သမီးအပေါ်၌ ဖူးဖူးမှုတ်ထားပြီး ... အရွယ်ရောက်လာသော တစ်နေ့ ... ပညာတတ်၊ ရုပ်ချော၊ အသိုင်းအဝိုင်း တောင့်သော ချမ်းသာသည့် လူမျိုးနှင့် ကံအကြောင်း ပါမည်ဟု တစ်ထစ်ချ တွေးထားသူပင်။

ထိုအတွေးများကြောင့် ... သူမ ပိုကြေကွဲရခြင်း ဖြစ်လေသည် ။ လင်းသစ်ဆိုသည့် ကောင်လေးမှာ ရုပ်ကလေး ချောသည် က လွဲလျှင် ... သူမှန်းထားသည့် စံနှုန်းများ နှင့် လားလားမှ မဆိုင် ... မိသားစု ချမ်းသာမှုကလည်း သူတို့ ထက်စာလျှင် ... ဆင်းရဲသူ၊ အလုပ်အကိုင် ကြည့်လိုက်လျှင်လည်း ကျောင်းတက်နေသည် မို့ အလုပ်မရှိ၊ ဒီကြားထဲ ကောင်လေးက အူတူတူ အတတပုံနှင့် မိမိသမီးကသာ ဦးဆောင်ရမည့် အဖြစ်မျိုး၊ ဒေါ်အေးဆွေ ... တွေးလေတွေးလေ ... ဒေါသထွက် လာလေ၊ ပိုစိတ်ဆင်းရဲ လာလေ ဖြစ်ကာ ... အံကြိတ်လိုက် ... မျက်ရည်ကျလိုက် ... တစ်ဦးတည်း ဖြစ်ပျက်နေလေတော့သည် ။

(၁၇)နှစ်လုံးလုံး ... တယုတယ မွေးပြီး

အများ ထက်သာအောင် မြင့်မြှောက် ပေးခဲ့တာကို ...

တစ်ရွာထဲသား ...

ဘာကောင်မှ မဟုတ်တဲ့ ... အဲ့ကောင်လေး အပေါ်မှ ညွတ်ကျသတဲ့လား.

မိုက်လိုက်ပါဘိ ... မိယဉ်မျိုးရယ် ...

နင်တို့ ကို ... ငယ်သူငယ်ချင်းတွေပါ ဆိုပြီး ...

ငါဂရုမပြုမိတာ ... ငါပဲ မှားခဲ့တာပေါ့အေ။

***

"ဒေါ်အေးဆွေကြီး ... သောင်းကျန်းနေတယ်တဲ့ ..."

မီးဖိုခန်းထဲမှ မမနဲ့ အမေကြီး(အဘွား) စကားသံကြောင့် လင်းသစ်နားစွင့်လိုက်မိသည် ။

"အေးပေါ့လေ ... မိအေးဆွေက သူ့သမီးကို ရွှေလိုဥထားတာမို့လား ... အသက်ကလေးကလည်း ငယ်သေးတော့ ... သူ့ခမျာ နှမြောရှာမပေါ့ ... "

"အမေကြီးကလည်း တခြားလို သောင်းကျန်းရင်တော့ ... ကျုပ် မပြောလိုပါဘူး ... အခုတော့ ကျုပ်တို့ အငယ်လေးကို မတူဘူး မတန်ဘူးနဲ့ ... ခုနစ်အိမ်သံပေါက် သောင်းကျန်း အော်ဟစ်နေတာတဲ့ ... မပြောလိုက်ချင်ဘူး သူတို့ သမီးက ရွှေလိုဥထားသလို ... ကျုပ်တို့ အငယ်လေးကလည်း ရွှေပေါ်မြတင် အလိမ္မာတုံးလေးပါတော် လူရိုးလေးမို့ ... ကျုပ်ကတောင် အဲ့ပြာကလက်စိန်မနဲ့ ပိုသဘောမတူသေး ... "

"ဟဲ့ ... မိယုဝေ ... စကားကို တိုးတိုးပြောစမ်း."

ယုဝေ စကားကြောင့် အမေကြီး(အဘွား)က လူကြီးပီပီ ဟန့် လိုက်လေသည် ။

မမယုဝေသည် မိတဆိုးလေး လင်းသစ်အပေါ်၌ အမေလို အစ်မလို ပြုစု ထိန်းကြောင်းခဲ့သူပီပီ မောင်ထိလျှင် ဓားကြည့်ဆိုသည့် အတိုင်း လင်းသစ်အပေါ်တွင် တုန်နေအောင် ချစ်ရှာသူ ဖြစ်လေသည် ။

ယခုလည်း မောင်ဖြစ်သူ လင်းသစ်ကို မတူမတန် ချိုးနှိမ်စွာ ပြောဆိုနေသော ဒေါ်အေးဆွေ စကားများကို ပြန်ကြားရ၍ ဒေါ နှင့် မောနှင့် ပြောနေခြင်း ဖြစ်လေသည် ။

လင်းသစ်က အိမ်အပေါ်ထပ်တွင် ယဉ်မျိုး ရှိနေသေးသဖြင့်  မမယုဝေကို ဖျောင်းဖျရန် မီးဖိုဆောင်ထဲ ဝင်ခဲ့ လိုက်လေသည် ။

တော်ကြာ ...  နောက်များ တွင် ပါ အငြိုးထား အကောင်းမမြင် ဖြစ်ခဲ့လျှင် မိသားစုတွေ သွေးကွဲ သွားနိုင်သည် လေ။ သမီးယောင်းမ  ဆိုသည် ကလည်း ကမ္ဘာဦးကပင် တည့်ကျသူ ခပ်ရှားရှား  မဟုတ်လား။ အထူးသဖြင့် သားရှင်များ ဖက်မှ လွန်သည် ဟူသော စကားတွေ ထွက်ထွက် လာတတ်သည် မို့ မိမိ အစ်မကို မလွန်အောင် ထိန်းရန် လင်းသစ်ဝင်လာခဲ့လိုက်ခြင်း ဖြစ်လေသည် ။

"မမရယ် ...  အပေါ်ထပ်မှာ ယဉ်မျိုး ရှိနေတယ်လေ အဲ့ဒါမျိုးတွေ မပြောပါနဲ့ လား  ... "

"ငါက အမှန်ပြောတာလေ ... နင်က နင့်မိန်းမထိလို့ နာနေတာလား ... "

ဒေါ်အေးဆွေကို တင်းနေသော မမဒေါသက သူ့ဘက်မြားဦး လှည့်

လာလေသည်။

"မဟုတ်ပါဘူး မမရယ် ... မမက အရမ်းတော်တဲ့ သူပါ ... ပညာတတ်တဲ့ သူပါ ... အဲ့လို လူတစ်ယောက်က ဘယ်သူ့စကားတွေကို လိုက်နာနေပြီး တုံ့ပြန်နေမှာ လည်း ... ဘာအကျိုးမှ မရှိပါဘူး ... မမရယ် ... အထူးသဖြင့် ဆွေမျိုးတွေနဲ့ ပြိုင်လို့ ... နိုင်သွားပါပြီတဲ့ ... ဆွေမျိုးချင်း မေတ္တာသာ ပျက်သွားမယ် ... နောက်ဆုံးဘယ်ဘက်မှ မကောင်းဘူးလေ ... "

"အမယ်လေး ... မောင်မင်းကြီးသားရယ် ... နင်မိန်းမ မယူဘဲ ဘုန်းကြီးဝတ်ပါလား ဟမ် ... တော်တော်တရားပြ ကောင်းနေတယ် ... ဟွန်း ... "

"အဟင်း ... မမရယ် ... ကျွန်တော်ကမမရဲ့ သဘောထားကြီးမှုကို ပြစေချင်တာပါ မမကျွန်တော့်ကြောင့် ခက်ထန်သွားရင် ... ကျွန်တော့်ကို ကျွန်တော် ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး ... "

"အမယ်လေး ... ကျုပ်တို့ အလိမ္မာတုံးလေးက အငယ်လေးက အရမ်း စကားပြောတတ်ပ ... ဟုတ်ပါပြီ ... ကျုပ်ဘဲ စိတ်လျှော့ပါမယ်တော် ... "

"အင်း ... "

အမေကြီးက သူ့မြေးနှစ်ယောက်အား ပြုံးပြုံးကြီး ကြည့်ရင်း ...

"အငယ်လေးရေ ... နင့်အစ်မ ဒေါသအိုးကို နင်ပဲဆုံးမတော့ တကယ် အထိန်းအချုပ်ကို မရှိဘူး ... မိယုဝေ ညည်းက အငယ်ဖြစ်ရမှာ ... တစ်ဇွတ်ထိုး တဇောက်ကန်းမ ... "

"အမယ်လေး ... အမေကြီးရယ် ... အမေကြီးမြေးကကရော တစ်

ဖောက်ကန်းပဲလေ ... ငယ်ငယ်လေး ရှိသေးတာကို ဇွတ်မိန်းမ ခိုးသွားတာပဲကြည့် ... ဟွန်း ... ပြောရင်းနဲ့ ... ဒေါသက ထွက် လာပြီ ... ငါလေ ... နင့်ကို ခေါင်းပေါက်အောင်ကို ခေါက်ပစ်လိုက်ချင်တာနော် ... "

"မမလား လုပ်ရက်မှာ ... "

"ငါတကယ်လုပ်မှာ ... "

ဟု ဆိုကာ ထင်းမီးဖိုဘေးမှ ထင်းတစ်ချောင်းကို ကောက်၍ ရွယ် လိုက်လေတော့သည်။

ဆေးပြင်းလိပ်ခဲနေသော အဘွားက ယုဝေ ပေါင်တွင်းကြောကို လိမ် ဆွဲလိုက်ပြီး ...

"အ ... "

"မိန်းမတဲ့ ... ထစ်ခနဲရှိ ဒုတ်ဆွဲနေတာ ပိပိရိရိ နေစမ်းအေ ... ဒီပုံနဲ့ နင်သမီးအပ် မလိုက်နဲ့ ... "

"အာ ... မရဘူး လိုက်မှာ ပဲ ... ဟိုဒေါ်အေးဆွေကြီး ဘာပြောမလည်း သိချင်သေးတယ် ... အမေကြီးတို့ ပဲ သွားရင် ဟိုက ချဲသမျှ ငြိမ်ခံလာခဲ့မှာ မို့လား ... ကျုပ်လိုက်ကို လိုက်မှ ဖြစ်မှာ ပါ ... "

"အေးဟေ့ ... မိဂျမ်းတောရေ ... နင့်အကြောင်းသိလို့ ... မလိုက်နဲ့ ပြောတာ ... "

"အမေကြီးကလည်း ... လိုက်မယ်လို့ ... "

"တော်တိတ် ငါပိတ်ခေါက်လိုက်ရ ... မလိုက်နဲ့ ဆို မလိုက်နဲ့ ... "

"ဂေါက် ... "

"အ ... "

ပိတ်ခေါက်လိုက်ရ ဆိုပြီး လက်က ခေါက်နှင့် နေပြီးသား အဘွား ကြောင့် ယုဝေတစ်ယောက် ခေါင်းကိုပွတ်ကာ ငြိမ်သွားလေတော့သည် ။ နှုတ်ခမ်းကတော့ တစ်တောင်လောက် စူထားကာ မကျေနပ်ကြောင်း ပြသနေလေသည် ။

လင်းသစ် သူ့အစ်မကို ကြည့်ကာ တစ်ချက် ရယ်လိုက်တော့ ယုဝေက ပါးစပ်လှုပ်ရုံ

"ငါလုပ်လိုက်ရ ... "

ဟု ပြောရင်း ... ထင်းချောင်းကို အသာထောင်ပြ လိုက်လေတော့သည် ။

မမယုဝေက အဘွားနှင့် တူတာ ဖြစ်မည်။ လက်မြန်ခြေမြန် ရှိပြီး ... ခပ်ဘွင်းဘွင်း ... သမားတစ်ဦးဆိုသည့် အချက်တို့ က တူလွန်းကြသည်လေ။

***

၂၀၁၈ခုနှစ်၊ မတ်လ(၂၈)ရက် ... ညနေ ... ၄နာရီခွဲ ...

"ဆရာငယ်လေး ... မပြန်သေးဘူးလား ... "

သူစာအုပ်ကိုကိုင်ရင်း ... အတိတ်နေ့ရက်များ ဆီသို့ အလည်ရောက်နေခဲ့သည် မှာ သူတို့ ဌာနမှ စာရေးလေးစန်းညို စကားကြားတော့မှ အသိပြန်ဝင် လာခဲ့လေသည် ။

"အော် ... ပြန်မှာ စန်းညိုရေ ... "

သို့နှင့် ... သူ့လက်ဆွဲအိတ် နက်ကလေးနှင့် စာအုပ်အချို့ကို ယူကာ ဌာနထဲမှ ထွက်လာခဲ့ လိုက်လေတော့သည် ။

သူထွက်သွားတော့မှ ဆန်းညိုက တစ်ခုခုကို သတိရသွားဟန်ဖြင့် ...

"ဆရာငယ်လေး ... ဆရာငယ်လေး ... "

"ဟေ ... ဘာလဲ ... "

"ဟိုလေ ... ကျွန်တော် ... ဆရာငယ်လေးကို အကူညီ တစ်ခု လောက် တောင်းချင်လို့ ... "

"ဘာများ လဲ ... "

"ဟို ... ကျွန်တော့် ညီမလေး ... မနော်ဟရီဘက်က အိမ်တစ်အိမ် မှာ အလုပ်လုပ်နေတာ သိတယ်မို့လား"

"တုတ်တုတ်လား ... အင်း သိတယ်လေ ... "

"အဲ့တာဗျာ ... သူ့သူဌေးက သူ့မြေးအတွက် သင်္ချာဆရာ တစ် ယောက် ရှာနေလို့ တဲ့ ... အဲ့တာ ဆရာ့ကို ပြေးမြင်မိတာနဲ့ ... ဆရာများ စာပြပေးနိုင်မလားလို့ ... မေးကြည့်တာပါ ဆရာ "

"ကလေးက ဘယ်နှတန်းမို့လဲ ... စန်းညိုရဲ့ တခြား Guide ငှားလို့ မ ရဘူးလား ..."

"ကလေးလို့ ပြောရမလား ... ဘယ်လိုပြောရမှန်း မသိပါဘူး ဆရာရ ယ် ... အဲ့ကောင်လေးက ဆယ်တန်းကို ခဏခဏကျထားတဲ့ ကောင် လေးပါ ဘွားအေနဲ့ နေတာ ဆိုတော့ ... အဆိုးဗျ ..."

"အော် ... ဆယ်တန်းကျောင်းသားပေ့ါ ... "

"ဟုတ်ပါတယ် ဆရာ ... "

"ကျွန်တော် စဉ်းစားပါဦးမယ် ..."

"ဟုတ်ကဲ့ပါ ဆရာ ... "

သို့နှင့်

လင်းသစ် စာရေးလေး စန်းညိုကို နှုတ်ဆက်ကာ ထွက်လာခဲ့တော့သည် ။

စန်းညိုဆိုမှ ပြောရဦးမည်။ စန်းညိုနှင့် သူ့ညီမ တုတ်တုတ်က ကျွန်တော့ အပေါ် ကျေးဇူးရှိကြသည် ။ ရတနာပုံကျောင်းကို ပြောင်း လာပြီး မကြာခင်မှာ ပင် ... ကျွန်တော် အကြီးအကျယ် ဖျားခဲ့သည် ။

အပူကြီးလွန်းကာ တံခွန်တိုင်က အိမ်သို့ ပြန်မရောက်ခင် လမ်းမှာ ပင် မေမြောသွားခဲ့ရာ အဆောင်သို့ ပြန်လာသော စန်းညိုက တွေ့သဖြင့် သူ့အား ဆေးရုံ ပို့ပေးခဲ့သည် ။ ဆေးရုံတက်နေသော ကာလ တစ်လျှောက်လုံးလည်း ... သူတို့ မောင်နှမ နှစ်ယောက်လုံး နေ့တစ်လှည့် ညတစ်လှည့် စောင့်ကာ ကူညီခဲ့သည် ။ သူ့အတွက်တော့ စန်းညိုတို့ မောင်နှမသည် အသက်သခင် ကျေးဇူးရှင်များ ပင် ဖြစ်တော့သည် ။

မမယုဝေ ရောက်လာချိန်တွင် ထိုအကြောင်းအရာများကို ပြောဖြစ်ကြရင်း စန်းညိုတို့ မောင်နှမသည် သူတို့ မိသားစုနှင့် မစိမ်းသော မိသားစုဝင်လို ဖြစ်ခဲ့ကြတော့သည် ။ ထို့အတွက် စန်းညိုက မမယုဝေ ခေါ်သလို အငယ်လေးကို ဆရာတက်၍ ဆရာငယ်လေးဟု ခေါ်ခြင်း ဖြစ်လေတော့သည် ။

***

## ( Part -3 )

လင်းသစ် စန်းညိုကို နှုတ်ဆက်ပြီးနောက် ဆိုင်ကယ်ထားရာ နေရာသို့ လျှောက်လာခဲ့လိုက်သည် ။ မန္တလေးကဲ့သို့ မြို့ကြီးတွင် တစ်နေရာမှ တစ်နေရာ သွားလာလျှင် ဆိုင်ကယ်တစ်စီးရှိမှ ဖြစ်သည် ။ ထို့အတွက် လွန်ခဲ့သော သုံးနှစ်ခန့် ရတနာပုံ တက္ကသိုလ်ကို အပြောင်းကျပြီး ... မကြာမီပင် Super Cub ကျောက်စိမ်းရောင်လေး တစ်စီးအား ... သူဝယ်ခဲ့လိုက်သည် ။

ကျောင်းအရှေ့ဘက်ခြမ်း ... ဆိုင်ကယ်ရပ်နားရာ နေရာရောက်သော် သူ့စီးတော် ဆိုင်ကယ်စိမ်းလေး၏ ရှေ့ခြင်းထဲ စာအုပ်တချို့နှင့် လက်ဆွဲအိတ်ကို စီထည့်ပြီးနောက် ဆိုင်ကယ်စီးကာ ကျောင်းမှ ပြန်ခဲ့လိုက်တော့၏။

အိမ်ကို ပြန်ရောက်သည် နှင့် နေ့စဉ် လုပ်နေကျအတိုင်း ခဏတဖြုတ်နား ... ရေအဝသောက်ကာ ညစာအတွက် ပြင်ဆင်လိုက်သည် ။ ထို့နောက် ... ရေမိုးချိုးရန် ရေချိုးခန်းသို့ ဝင်ခဲ့လိုက်သည် ။ မတ်လ၏ အပူချိန်ကြောင့် ရေကို အားရပါးရ ခေါင်းပေါ်မှ လောင်းချိုးပြီးနောက် ... ညနေစာစားရန် စားပွဲတွင် ထိုင်လိုက်မှ သူသတိရ မိသွားသည် ။

"အာ ... ကော်ဖီ ကုန်နေပြီပဲ ... "

လင်းသစ်၏ အကျင့်တစ်ခုက ထမင်းစားပြီးတိုင်း ကော်ဖီတစ်ခွက် သောက်ရမှ ကျေနပ်သူဖြစ်သည် ။ သူကဆေးလိပ်၊ အရက်၊ ကွမ်းစတာ တွေကို တစ်ခုမှ မလုပ်တတ် မစားတတ်သော်လည်း ... ကော်ဖီကတော့ သူအကြိုက်ဆုံး အရာပင်ဖြစ်သည် ။ ကော်ဖီမရှိလျှင် နေတတ်သူ မဟုတ်ပေ။

ထို့ကြောင့် ညနေစာအား ... အုပ်စောင်းလေးဖြင့် အုပ်ခဲ့ပြီးနောက် အနီးနားက စတိုးဆိုင် တစ်ဆိုင်တွင် ကော်ဖီဝယ်ရန် ထွက်လာခဲ့ လိုက်လေသည် ။

လင်းသစ်တစ်ယောက် ပူလွန်းသော မန္တလေး အပူကြောင့် အင်္ကျီ ဂျိုင်းပြတ် အပြာရင့်ကလေးနှင့် ကွာတားဘောင်းဘီ ဖြူပွပွလေးအား ဝတ်ဆင်ထားသည် ။ ကျောင်းသွားလျှင် hair cream ကို သေသပ်ပိရိစွာ ဖြီးလိမ်းထားသော်လည်း ... ရေချိုးပြီး ခေါင်းလျှော်ပြီးစမို့ ဆံပင် ခပ်အုပ်အုပ်ကလေးများကို ဒီတိုင်းထားထားလိုက်သည် ။

ခပ်အုပ်အုပ် ဆံပင်ပျော့ပျော့လေးများက လင်းသစ် မျက်နှာပေါ်တွင် ဖရိုဖရဲ အုပ်နေကြပြီး ... လင်းသစ်၏ ပုံစံကို ကလေးဆန်သွားစေသည် ။ မသိလျှင် ဆယ်ကျော်သက် လူငယ်ပေါက်စလေး တစ်ဦးလိုပင် ဝါဝါနုနု လူပျိုချောလေးဟု ထင်မှားစရာ ကောင်းနေသည် ။

လင်းသစ် လမ်းသွားရင်းနှင့် ဖုန်းထုတ်ကာ မမယုဝေဆီ ဖုန်းခေါ်လိုက်သည် ။

"ဟယ်လို ... မမ"

"အင်း ... အငယ်လေး ... အခုတလောတောင် မမနင့်ကို သတိရနေတာ"

"ကျွန်တော်ရောပဲ ... ဒါနဲ့ ... အမေကြီး နေကောင်းလား ... သက်သာလား ... "

"ဟို ... အဲ့တာ ... "

"မမ ... ထစ်အ ... ထစ်အနဲ့ ... ဘာလည်း ... အမေကြီး တစ်ခုခု ဖြစ်လို့ လား ... "

"ဟင်း ... အမေကြီး ... ဆေးရုံ တင်ထားရတယ် ... "

"ဟင် ... "

လင်းသစ် အမေကြီးကို စိတ်ပူသွားရသည် ။ ဖေဖေ မရှိတော့ ကတည်းက အမေကြီးသာ ကျွန်တော်တို့ မောင်နှမရဲ့ အားကိုးရာ မြင့်မိုရ်တောင်ကြီး မဟုတ်လား။ အိမ်မှာ လူကြီး ဆိုလို့ အမေကြီးတစ်ယောက်သာ ကျန်တော့သည် လေ။

"အသက်ကြီးလာတော့ ... ဒီလိုပါပဲ ... အငယ်လေးရယ် ... သူ့အသက်လည်း ၈ဂကျော်ပြီကိုး ... သွေးပေါင်က ခဏခဏ တက်လိုက်ကျလိုက် ဖြစ်ဖြစ်နေတာရယ် ... ဟိုတစ်ရက်က ပန်းကန်ဆေးမယ် ဆိုပြီးထတာ ခြေခေါက် သွားတယ်လေ ... အဲ့ကတည်းက သိပ်မထနိုင်ဘူး ... အမေကြီး အကြောင်းလည်း နင်သိတယ်မို့လား ... ခေါင်းအရမ်းမာတာရယ် ... မလုပ်ပါနဲ့ ဆို သိပ်လုပ်ချင်တာ ... ဟင်း ..."

မမယုဝေ စကားကို နားထောင်ရင်း ... သူသက်ပြင်း ချလိုက်မိသည် ။ အမေကြီးက တကယ်ပဲ ခေါင်းမာသူ အလုပ်ကို မပြတ်တမ်းလုပ်ချင်သူ ဖြစ်လေတော့ ... သူ့အသက်နဲ့ သူခန္ဓာကိုယ်ကို ၁၆နှစ် မှတ်သည် ထင်၏။ ဘာကိစ္စမဆို သူကိုယ်တိုင် ထ ထလုပ်တတ်သည် လေ။

"မမ ... ကျွန်တော် အခုစာမေးပွဲတွေ ရှိနေလို့ ပြန်မလာနိုင်သေးဘူး .

.. မမ ... အမေကြီးအတွက် ပိုက်ဆံလိုသေးလား ... "

" ... ... "

"ပြောပါ ... မမရဲ့ ... ကျွန်တော်လည်း မိသားစုဝင် တစ်ယောက်ပဲလေ ... အမေကြီးအတွက် ကျွန်တော်လည်း ပေးပါရစေ ... "

"အင်း ... နည်းနည်း ... နောက်မမ အဆင်ပြေရင် ပြန်ပေးမယ်နော် ... အငယ်လေးနားက ကပ်မစားချင်ပါဘူး"

"မလိုပါဘူး ... အမေကြီးကလည်း ... ကျွန်တော့်အဘွားပါပဲ ... မမ ရယ် ... အဲ့လိုပြန်ဆပ်မှာ တို့ ... အငယ်လေးနားက ကပ်စားတာတို့ . အဲ့လိုစကားတွေ ထပ်ပြောရင် ... ကျွန်တော်မမကို ... ဘယ်တော့မှ လာမတွေ့တော့ဘူး ... "

"အေးပါဟယ် ... အေးပါ"

"ဒါဆို ကျွန်တော်မနက်ဖြန် ... ငွေပို့လိုက်မယ်နော် ... "

"အေး ... အေး ... "

"ဒါဆို ... ဖုန်းချလိုက်တော့မယ် ... "

လင်းသစ် ဖုန်းချလိုက်ပြီးနောက် မမအကြောင်းကို စဉ်းစားမိသည် ။

အမေကြီး၏ ကျန်းမာရေးကြောင့် မမတစ်ယောက် သပြေခြံကိုရောစိုက်ခင်းကိုပါ ဖိဖိစီးစီး မလုပ်နိုင်ရှာတာ သူသိသည် ။ အမေကြီးကလည်း ဆေးရုံတက်လိုက် ဆင်းလိုက်နှင့် မို့ ... စရိတ်စက ကလည်းထောင်းသည် ။ အတော်ပင် ရန်းကန်နေရသည့် အခြေအနေကြောင့် ... သူစုထားသော ဘဏ်ထဲမှ ငါးသိန်းအား ... မမယုဝေဆီ ပို့ပေးရန် ... ဆုံးဖြတ်လိုက်တော့၏။

ကျွန်တော် မမနှင့် အမေကြီးအပေါ် တာဝန်ကျေ ချင်မိသည် ။ ကျွန်တော်ဆိုတဲ့ အကောင်က မိသားစုအပေါ် ဒုက္ခပေါင်းစုံသာ ပေးခဲ့ဖူးသည် မဟုတ်လား။

***

၂၀၁၁ခုနှစ်၊ ဧပြီလ(၄)ရက် ...

ဒေါ်အေးဆွေတစ်ယောက် လင်းသစ်နှင့် ယဥ်မျိုးကို မပေးစားချင်သော်လည်း မိန်းကလေးရှင်မို့ အလျှော့ ပေးလိုက်ရကာ မင်္ဂလာပွဲဖြစ်မြောက် ခဲ့ရလေတော့သည် ။ ယဥ်မျိုးတို့ ဘက်မှ တောင်းဆိုမှုကြောင့် လင်းသစ် ယဥ်မျိုးတို့ အိမ်မှာ ပင် လိုက်နေခဲ့ရလေသည် ။ ယခုဆို ယဥ်မျိုးနှင့် လင်းသစ်တို့ အတူနေခဲ့ကြသည် မှာ တစ်လနီးနီး ကြာမြင့်ခဲ့လေပြီ။

"ယဥ်မျိုး ... ဒါဘာလဲ ... "

လင်းသစ် ... ကျောင်းမှ ပေးလာသော စာအိတ်အညိုရောင် ခပ်ကြီးကြီးအား ... ထောင်ပြရင်း ယဥ်မျိုးကို မေးလိုက်ခြင်း ဖြစ်သည် ။ ယဥ်မျိုးက ခြေသည်းနီဆိုး နေရာမှ မျက်လွှာပင့် ကြည့်လိုက်ရင်း ...

"အော် ... schoolar ship အတွက် noticလေ ... "

"အေး ... ဒါကို ငါဘာလို့ မသိရတာလဲ ... "

"ငါပြောဖို့ မေ့နေတာ ... "

"ဟာ ... မေ့စရာလား ... နင်နဲ့ ငါက လင်မယားတွေနော် ... နင် ...

ပညာတော်သင်သွားမှာ ကိုတောင် ... ငါမသိရတာ ... ငါကနင့်အတွက် . .. ဘာမှ အရေးမကြီးဘူးလို့ သတ်မှတ်ထားလို့ လားဟာ ... ဟမ် ... "

"တကယ်က ဒါကိုဖြေထားတာ နင်နဲ့ မရခင်ကတည်းကလေ ... ငါက ရမရ မသေချာလို့ နင့်ကိုဘာမှ မပြောတာလေ ... ငါမေ့တောင် မေ့နေပြီ ... "

"ဟင်း ... အခု ... ဘယ်လိုလုပ်မှာ လဲ ... "

"ပညာတော်သင်ဆုက လိုချင်တိုင်းရတာတောင် မဟုတ်ဘူး ... အဲ့တော့ ငါက ဘာလုပ်ရမှာ လဲ ... သွားမှာ ပေါ့ ... "

"ဟင် ... ယဉ်မျိုး ... ငါးနှစ်ကြီးများ တောင်လေ ... ပြီးတော့ ... ဂျာမနီဆိုတာ နိုင်ငံရပ်ခြားနော် ... "

"ဘာဖြစ်လည်း ဟယ် ... ဘာလဲ နင်ကငါ့ကို မသွားစေချင်ဘူးလား ... နင်ကလည်း ... ငါတို့ ရှေ့ရေးအတွက် ... သွားရမယ်လေ ... နင်စဉ်းစားကြည့်ပါ ဒီမြန်မာနိုင်ငံက ဘွဲ့လေးလောက်နဲ့ ငါတော့ မတင်းတိမ်နိုင်ဘူး ရလာတဲ့ အခွင့်အရေးကို လက်မလွှတ်ချင်ဘူး ... အဲ့တော့ ... ငါသွားမှာ ... သွားကိုသွားမှာ ... "

ပြတ်ပြတ်သားသား ဆိုနေသော ယဉ်မျိုးကြောင့် ... လင်းသစ် စိတ်မကောင်းစွာဖြင့် ...

"ငါတို့ ... ငါးနှစ်ကြီးတောင် ခွဲရမှာ လေ ... နင်နေနိုင်လို့ လား ... "

"အစပိုင်းတော့ ခက်ခဲလိမ့်မယ် ... ဒါမယ့် ကြာရင် နေသားကျသွားမှာ ပါဟာ ... ငါတို့ ရှေ့ရေး အတွက်လို့ ဘဲ တွေးရအောင်ဟာနော် ... "

သို့နှင့် ... ယဉ်မျိုးတစ်ယောက် ... ဂျာမနီနိုင်ငံသို့ ပညာတော်သင်(၅)နှစ်ကြာ ထွက်ခွာ ခဲ့ရလေတော့သည် ။

တစ်ရွာလုံးတွင် ... ကျော်ကြားကုန်စုံဆိုင်၌ တွင် သာ ကြိုးဖုန်းတစ်လုံး ရှိသောကြောင့် ... တစ်လတစ်ခါလောက်သာ လင်းသစ်နှင့် ယဉ်မျိုးတို့ ဖုန်းပြော ဖြစ်ကြသည် ။

သွားခါစက ဆိုလျှင် ... လင်းသစ်တစ်ယောက် ဘယ်လိုမှ မနေတတ်ခဲ့။ နေရာတကာ ကြီးစိုးနေသော ယဉ်မျိုးအရိပ်များကို လွမ်းဆွတ်နေမိခဲ့သည် ။ ညစဉ်တိုင်း ... ယောကျ်ားတန်မဲ့ ခေါင်းအုံးဖက်ကာ ခိုး၍ မျက်ရည်ကျခဲ့ဖူးသည် ။

ယဉ်မျိုးကတော့ ... နေရာသစ်တွင် ပျော်နေပုံရသည် ဖုန်းပြောသည့်အခါတိုင်း ကြည်ရွှင်နေသည့် သူ့အသံလေးက သူပျော်နေသည် ဟု ထုတ်ပြောစရာ မလိုသည့် တိုင် ပေါ်လွင်နေသည် ။

သည် လိုနှင့် လင်းသစ်၏ အလွမ်းများ လည်း နေသားကျလာခဲ့ပြီး ... အချိန်များ လည်း တစ်နှစ်စွန်းစွန်းသို့ ရောက်ခဲ့လေတော့၏။

၂၀၀၂ခုနှစ်၊ မေလ ၁၄ရက် ...

"လင်းသစ်ရေ ... လင်းသစ် ... ယဉ်မျိုးဆီက ဖုန်းလာတယ် ... "

ကျော်ကြားဆိုင်မှ အစ်ကိုကြီး၏ ခေါ်သံကြောင့် လင်းသစ် လုပ်လက်စ အလုပ်များ ... ချကာ အပြေးထွက်ခဲ့တော့သည် ။

စားပွဲခုံပေါ်တွင် ချထားသော ဖုန်းကိုကောက်နားထောင်လိုက်ပြီး ...

"ဟယ်လို ... ယဉ်မျိုး ... "

"အွန်း ... နင်ကလည်း ကြာလိုက်တာဟာ ... ငါစောင့်နေရတာ အကြာကြီးပဲ ... "

ယဉ်မျိုး၏ ဆူအောင့်အောင့် စကားကြောင့် လင်းသစ် မောပန်းနေ

သော အသက်ရှူသံကို ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"အကြာကြီး စောင့်လိုက်ရတာလား ... ဆောရီးဟာ ... ငါလည်း ပြေးလာတာပဲ ... "

"အေးပါ ... အေးပါ ... ငါနင့်ကို တစ်ခုခိုင်းမလို့ လင်းသစ်ရေ ... "

"အင်း ... ပြောလေ ... "

"ငါနောက်လလောက် ကျရင် သံရုံးမှာ အထူးညစာစားပွဲ ရှိလို့ ဟာ .. . အဲ့တာမန္တလေးက ပိုးချိတ်တစ်ထည်လောက် လိုချင်လို့ ... နင်သွား ဝယ်ပေးပြီး ပို့ပေးပါလား"

"အေးပါ ... ရပါတယ် ... ငါသွားပေးပါမယ် ... "

"အာ့ဆို ... ကြိုးကြီးချိတ် ... ခရမ်းရောင် စိုစိုလေး ... ဝယ်ပို့ပေး နော် ... "

"အင်းပါ ... "

"ငါအခု ... အတန်း တက်ရဦးမှာ မို့ ... နောက်မှ ပြန်ခေါ်တော့မယ် ... အိုခေ ... "

"အင်း ... အင်း ... "

သို့နှင့် ...

ယဉ်မျိုးအတွက် ... ဘာမဆို လုပ်ပေးရန် အသင့်ရှိနေသော လင်းသစ်တစ်ယောက် ... မန္တလေးမြို့ကြီးသို့ ချက်ချင်းဆင်းကာ ကြိုးကြီးချိတ် ခရမ်းရောင်တစ်ထည်ကို ဝယ်ပို့ခဲ့လေတော့သည်။

***

၂၀၁၈ခုနှစ်၊ မတ်လ ၂၈ ရက်နေ့

ညနေ ... ၆နာရီ ၃၅မိနစ် ...

လင်းသစ် ... အတွေးများ နှင့် စတိုးဆိုင်ရှိရာ လမ်းတစ်ဖက် အခြမ်းသို့ ဖြတ်ကူး လိုက်လေသည် ။ ထိုအချိန်တွင် -

"ကျွီ ... ရှလော ... "

ဘရိတ်နင်းသံ ... ကျောက်မွှား အစအနလေးများ နှင့် စလစ်ဖြစ်သွားသည့် အသံတို့ ကြောင့် လင်းသစ် လန့်ဖျပ်ကာ အသံလာရာဆီသို့ လှည့်ကြည့်လိုက်မိလေသည် ။

Yamaha YZF R-6 ဆိုင်ကယ် အနက်ရောင် တစ်စင်းက ခပ်ယိုင်ယိုင် အနေအထားရှိနေပြီး ထိုR-6 ပေါ်တွင် အရိုးခေါင်း စတစ်ကာပါ T-shirt အနက်ရောင် ဂျင်းဘောင်းဘီ ဒူးပြဲကို ဝတ်ဆင်ထားသော ခပ်တောင့်တောင့် လူငယ်တစ်ဦးကို တွေ့လိုက်ရသည် ။ သူ့ စိမ်းဖန့်ဖန့် အသားအရေကြောင့် ထင်သည် အနက်ရောင်T-shirtနှင့် အင်မတန် လိုက်ဖက်လွန်းနေသည် ။

ထိုလူငယ်က သူ့ဘယ်လက်တွင် အနက်ရောင် လက်ကောက်ကွင်းသေးသေးလေးများကို ဝတ်ဆင်ထားပြီး ဘယဘက်နားတွင် လည်း ငွေရောင် နားကွင်းလေးခုမျှ ဝတ်ဆင်ထားသေးသည် ။

Ray- Banမျက်မှန် ... အနက်ရောင် ခပ်ကြီးကြီးကို တပ်ဆင်ထားပြီး ချွန်မြနေသော နှာတံနှင့် လိုက်ဖက်လွန်းနေသည် ။

တင်းစေ့ထားသော နှုတ်ခမ်းကြောင့် မိုက်တိမိုက်ကန်း ပုံစံမှန်း သိ

သာလွန်းနေသည် ။ လင်းသစ် ထိုကောင်လေးကို စူးစမ်းနေရာမှ အသိပြန်ဝင် လာပြီး ...

"အာ ... ဆောရီးပါ ... ကိုယ်တောင်းပန်ပါတယ် ... ကိုယ်လမ်းကို သေချာ မကြည့်ဘဲ ကူးလိုက်မိတယ် ... "

လင်းသစ် ခပ်မြန်မြန် တောင်းပန်လိုက်မိသည် ။ ထိုလူငယ်က သူ့အား စကားတစ်ခွန်းမှ မဆိုဘဲ သူ့ကိုသာ စိုက်ကြည့်နေလေသည် ။ အနက်ရောင် မျက်မှန်ကြောင့် မျက်ဝန်းများကို တိတိပပ မမြင်ရသော်လည်း ... သူစိုက်ကြည့်နေမှန်း လင်းသစ် ခန့်မှန်းမိနေသည် ။

မည်သည့် စကားမှ မဆိုဘဲ စိုက်ကြည့်နေသော ထိုလူငယ်အား ...

"ဟို ... ကိုယ် ... တောင်းပန်ပါတယ် ... မင်း ... တစ်ခုခုများ ဖြစ်သွားလို့ လား ... ကိုယ် ... ဘာလုပ်ပေးရမလဲ ... "

ထိုလူငယ်က ခေါင်းကို တစ်ချက် ခါယမ်းလိုက်ပြီး ...

"ရတယ် ... ကျွန်တော် ... ဘာမှ မဖြစ်ဘူး နောက်ဆို သတိထားပေါ့ ... လမ်းမပေါ်မှာ သွားလာနေတဲ့ ကားတွေ ဆိုင်ကယ်တွေဆိုတာ လေထဲ လွင့်နေတဲ့ ဝါဂွမ်းစလေးတွေ မဟုတ်ဘူး တိုက်မိရင် သေတတ်တယ် ... "

လင်းသစ် ဒေါသ ထောင်းခနဲ ထသွားရသည် ။ သူစာသင်နေသော ကျောင်းသားအရွယ်လောက် ရှိမည့် ကောင်လေးတစ်ယောက် ဆီက ကြားလိုက်ရသော ပမာမခန့် ဆန်သည့် စကားကြောင့် ပင်။ သို့ပေမယ့် မှားခဲ့သူက သူကိုယ်တိုင်မို့ ဒေါသကို မျိုချကာ ...

"ဟုတ်ပါပြီ ... နောင်ဆို သတိထားပါ့မယ် ... "

"အိုခေ ... "

ထိုလူငယ်၏ အိုခေဆိုသည့် စကားသည် လင်းသစ်စိတ်ကို ကသိကအောင့် ဖြစ်သွားစေပြီး ... ထိမထင် ဟန်ပန်ကိုကြောင့် ပို၍ ပင် စိတ်ထဲ ကလိကလိ ဖြစ်ရပြန်၏။

ထိုလူငယ်က သူ့ညာခြေနှင့် ဆိုင်ကယ်ကို kickနှိုးလိုက်ပြီး သွားရန် ပြင် လိုက်လေသည် ။ ဆိုင်ကယ် မထွက်ခင် သူ့မျက်မှန်ကို လက်ညှိုးနှင့် ထောက်ကာ လျောချလိုက်ပြီး စူးရှရှ မျက်ဝန်းနက်နက်တို့ ဖြင့် လင်းသစ်ကို ကြည့်လိုက်ကာ...

"ဒါနဲ့ ... ခင်ဗျားက ဒီ တံခွန်တိုင်ထဲမှာ နေတာလား ... "

"ဟုတ်တယ် ... ဘာလို့ လဲ ... "

"ဘာမှ မဟုတ်ဘူး ... ဒီတိုင်းသိချင်လို့ ..."

ဟု ဆိုကာ R-6၏ လီဗာကို တဖြင်းဖြင်း ဆွဲလိုက်ပြီး လင်းသစ်အနီးမှ ထွက်သွားလေတော့၏။

လင်းသစ်က ထိုလူငယ်၏ နောက်ကျောကိုကြည့်ရင်း ...

"အူကြောင်ကြောင်နဲ့ ... လူမိုက်ရပ်နဲ့ ... "

ဟု ဆိုကာ စတိုးဆိုင်ဘက်သို့ ကူးခဲ့လေတော့သည် ။

***